# တိုးတိုးသဲ့သဲ့ ပန်းချီကားများရဲ့ တယောသံ



ရိုးမတောင်တန်းကြီးရဲ့ ကျောက်ကုန်းထက်က အရာများ
အရိုးပေါ်အရေတင် ဖြစ်နေပြီလား
အရိုးအပြိုင်းပြိုင်း ထနေပြီလား အတွေးအမျှင်တန်းနေချိန်
တယောတလက်ကို ထမ်း
တရွေ့ရွေ့ လှမ်းတက်လာတဲ့ ခြေလှမ်းနဲ့
လက်တဖက်က ကလောင်တံ
နောက်တဖက်က စုတ်တံနှင့် ဆေးစက်
သူ ဦးတည်ရာရိုးမပေါ်
အရုဏ်ပျို့ချိန် မနက်ခင်းတခုမှာ ... ။

တယောထိုးဖို့ သံစဉ် မရှိတော့တာလား
ကဗျာသီဖို့ ကာရံ ရှာမရတော့တာလား
ပန်းချီချယ်ဖို့ ရှုခင်းရှုကွက် မမြင်နိုင်တော့တာလား
သူ ငေးငိုင်စွာ ရပ်တန့်နေ ... ။

အဲဒီတမနက်
သူ့ စိတ်က ဘယ်ဆီရောက်နေတာလဲ
ဖွန်လရဲ့ မိုးရေစက်တွေထဲ
တသသနဲ့ လွမ်းဆွတ်

မေမေ များ ...
ဘာကို ဘယ်လို တွေးနေရှာလေမလဲ
တယောက်တည်းတက်တဲ့ မွေးနေ့ပွဲလေးများ ကျင်းပနေလေမလား
မသေချာ ... ။

ဒါပေမဲ့
သားသမီးများစွာ
မရေမတွက်နိုင်တဲ့ ပန်းရောင်စုံ သားသမီးများစွာ
မေမေ့ကို ဂုဏ်ပြုဦးညွတ်ကြ
အထိမ်းအမှတ်တွေ ပြုကြ
ကမ္ဘာနှင့် အဝှမ်း
တခန်းတနား ... ။

သူ ...
မေမေ့ဆီ လွင့်မျော
လေအလျင်ရဲ့ အဟုန်နဲ့အတူ
လေပြေလေညှင်းလေးနဲ့အတူ
မေမေ့ရင်ခွင်ဆီအရောက် တိုးဝှေ့နေရှာပြီ။

ဒီအချိန်မှာ
တယောသံ ညှင်းညှင်းလည်း ထွက်ပေါ်လာ
ကဗျာဖွဲ့သံ တိုးတိုးသဲ့သဲ့ လွင့်ပျံ့လာ
စုတ်တံချယ်သ ပန်းချီကားတွေ တကားပြီးတကား ထွက်ကျလာ
စဉ်း စား ကြည့်
သူ့ လက်များဟာ ... ။ ။

မာန်လှိုင်းငယ်
၂၀၁၀ ခုနှစ်၊ ဖွန်လ (၄) ရက်